# <u>New Letter ( April, May and June in 2018)</u>

မင်္ဂလာနှစ်သစ်ချိန်ခါသို့ရောက်ရှိလာပါပြီ ။ STI Myanmar University အနေနှင့် မြန်မာရိုးရာသင်္ကြန်ပွဲတော်ရှိရာ တန်ခူးလ ချိန်ခါတွင် အားလုံး စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်လှုပ်ရှားပျော်ရွှင်စေရန် STI Thingyan & Foam Party ကို ဧပြီလ (၈)ရက်နေ့တွင် MICT park ရှိ STI campus အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

- 


-

-  

-

ထိုပွဲတော်တွင် STI ကျောင်းသား၊ ကျောင်းသူများက သင်္ကြန်သီချင်းများသီဆိုခြင်း ၊သင်္ကြန်ယိမ်း များဖြင့် ကပြဖျော်ဖြေခြင်း၊ နာမည်ကြီး DJ Wyne ၊JCZ Team နှင့် နာမည်ကြီး လူငယ် DJ Ajohn ၊ အမျိုးသမီး DJ chacky နှင့် တခြား နာမည်ကြီး အဆိုတော် artist များဖြစ်သော အဆိုတော် မယ်ရီနှင့် BIGGY WYNE တို့၏

အံ့မခန်းဖျော်ဖြေမှုများနှင့် အတူ ကျောင်းသားကျောင်းသူများကလည်း Foam party မှ Foam များဖြင့် အချင်းချင်း ခင်မင်ရင်းနှီး ပျော်ရွှင်စွာ ဆော့ကစားရင်း သင်္ကြန်ပွဲတော်ကို စည်ကားခမ်းနားစွာ ကျင်းပခဲ့ပါသည်။









ထို့အပြင် ကျောင်းသားကျောင်းသူများက အုန်းလက်မလျှာပ်များဖြင့် စတုဒီတာ အလှူအဖြစ် မုန့်လုံးရေပေါ် ၊ မုန့်လက်ဆောင်းတိုကို ကျွေးမွေးဧည့်ခံခြင်း၊ fun fair ဈေးပွဲတော်အနေဖြင့် စားသောက်ဖွယ်ရာများ ရောင်းချခြင်းဖြင့် STI သင်္ကြန် Foam party ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း သိရှိရပါသည်။






**ICT Development Expo 2018 IYangon ကျင်းပပြုလုပ်ခဲ့သော ICT Development Expo 2018 ( Yangon)**

မေလ (၄) ရက်နေ့မှ (၆) ရက်နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော ICT Development Expo 2018 ( Yangon) တွင် STI Myanmar University လည်းပါဝင်ခဲ့ပြီး Business (သို့) Engineering တန်းခွဲများကို အပ်နှံသူများအတွက် Tablet (included E-books) များ လက်ဆောင်ပေးအပ်ခြင်း၊ MBA (General) (သို့မဟုတ်) MBA (Hospital and Health Services Management) Program များကို အပ်နှံသူများအတွက်လည်း USD 1000 သက်သာခွင့်အပါအဝင် Tablet (included E-books) များကို မေတ္တာလက်ဆောင်ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ ကြောင်း သိရှိရပါသည်။



## *Going Global 2018 Conference သို့ STI Myanmar University မှတက်ရောက်ခြင်း*





၂၀၁၈ ခုနှစ် မေလ ၂ ရက်နေ့မှ ၄ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူ Convention Center တွင် အပြည်ပြည်ဆိုင်ရာ အနာဂတ် ပညာရေးကို ဦးဆောင်မည့်သူများအတွက် အဆင့်မြင့်ပညာရေး၏ အနာဂတ်ကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးနိုင်ရန် ဗြိတိသျှ ကောင်စီ ( British Council ) နှင့် မလေးရှားနိုင်ငံ ပညာရေးဝန်ကြီးဌာနမှပူးပေါင်း ၍ Going Global Conference ကို ကျင်းပခဲ့သည်။





အဆိုပါ Conference သို့ နိုင်ငံပေါင်း၈၀ကျော်မှ နိုင်ငံတကာ အဆင့်မြင့် ပညာရေး ခေါင်းဆောင်များ ၊ အဓိပတိများ ၊ အကြီးအကဲများ ၉၀၀ကျော်ခန့် တက်ရောက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမှ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်များ၊ ရန်ကုန်ဆေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် ( YTU) နှင့် မန္တလေး နည်းပညာတက္ကသိုလ် ( MTU) မှ ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်များတက်ရောက်ခဲ့သည်။ ထို့အပြင် Going Global Conference ကို STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်းနှင့် Executive Director ဒေါက်တာမျိုးမျိုးနိုင်တို့ ဂုဏ်ယူစွာဖြင့် တက်ရောက်ခဲ့ကြပါသည်။

## မေလအတွင်းကျင်းပခဲ့သော Education Seminor ( University Free House)ပွဲများ

တက္ကသိုလ်ဝင်တန်း စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးသူများအတွက် မိမိတို့ရရှိနိုင်မည့် ပညာရေးအခွင့်အလမ်းများ ကို သိရှိနားလည်စေရန်နှင့် ဘဝရည်မှန်းချက်ကို မှန်ကန်စွာ ရွေးချယ်တတ်စေရန် STI Myanmar University သည် မေလ ၆လတွင် Novotel hotel ၌လည်းကောင်း၊ မေလ ၁၃ရက်နှင့် ၂၇ ရက်နေ့များတွင် Pan Pacific Hotel, Pacific 1 Ballroom ၌ လည်းကောင်း University free House ပွဲများကို ကျင်းပခဲ့ပါသည်။






ထိုအခမ်းအနားတွင် STI Myanmar University အကြောင်း မိတ်ဆက် video ပြသပြီး STI Myanmar University ၏ Executive Director Dr. Myo Myo Naing မှ အမှာစကားပြောကြားခြင်းနှင့် Education Seminar ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် STI Myanmar University ၏ ကျောင်းသားကျောင်းသူများ မှ မိမိတို့၏ ကျောင်းသားဘဝအတွေ့အကြုံများအားရှင်းလင်း ပြောကြားခဲ့ပြီး BEng-Electronic ကျောင်းသားမောင်တင်အောင်လင်း မှ ကျောင်းသားဘဝအတွေ့အကြုံများ အားရှင်းလင်းပြောကြား ခဲ့သလို BBA ဘွဲ့ရ ကျောင်းသူ မဖူးပွင့်ဖြိုး မှ ကျောင်းသားဘဝအတွေ့အကြုံများ အားရှင်းလင်းပြောကြားခြင်း။ STI Myanmar University ၏ Assistant Professor Daw. Sandar Oo မှကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။






## မေလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော STI Myanmar Universtiy ၏ Graduation Ceremony

၂၀၁၈ ခုနှစ် မေလ (၂၀ ) ရက်နေ့ တွင် STI Myanmar University သည် Graduation Ceremony နှစ်ပွဲ

ကျင်းပခဲ့ပါသည်။ ပထမ တစ်ခုမှာ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် ( NMDC) နှင့် STI Myanmar University တို့ ပူးပေါင်းဖွင့်လှစ်သော Diploma in Business Management (DBM) နှင့် Diploma in Finance and Banking (DFB) အမှတ်စဉ်(၇) သင်တန်းများ၏ သင်တန်းဆင်းအောင်ပွဲအခမ်းအနားဖြစ်သည်။ ထိုအခမ်းအနားကို မနက် ၉နာရီမှ ၁၂ နာရီအထိ MICT Park ,Main Conference Hall လှိုင်တက္ကသိုလ်နယ်မြေတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




ထိုအခမ်းအနားတွင် အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ် ( NMDC) မှ အငြိမ်းစားတွဲဖက်ပါမောက္ခ ဆရာမကြီးဒေါ်ခင်ထားမေ က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ထူးချွန်ကျောင်းသားများကလည်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ဆက်လက်၍ STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်းက မှတ်တမ်းစကား ပြောကြားပြီး နောက် ဆရာ/ ဆရာမကြီးများက က ကျောင်းသား ၊ ကျောင်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ ဓါတ်ပုံရိုက်ကူးခြင်း ၊တက်ရောက်လာသော ဧည့်သည်များကို အကျွေးအမွေးဖြင့် ဧည့်ခံခြင်းဖြင့် အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။





ဒုတိယတစ်ခုမှာSTI Myanmar University ၏ ရွှေဘုံသာကျောင်းခွဲတွင် ဖွင့်လှစ်ခဲ့ပြီးသော အမှတ်စဉ် (၂) Certificate in Business Management (CBM) နှင့် Certificate in Financial Services ( CFS) ၊ အမှတ်စဉ် (၁) နှင့် (၂) Advance Diploma in Business Management (ADBM) သင်တန်းများ၏ သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားဖြစ်သည်။ ထိုနေ့ နေ့လည် နေ့ လည် ၁နာရီမှ ၄နာရီအထိ MICT Park ,Main Conference Hall လှိုင်တက္ကသိုလ်နယ်မြေတွင် ကျင်းပပြုလုပ်ခဲ့ပါသည် ။






ထိုအခမ်းအနားတွင် စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာမကြီး ၊ STI Myanmar Univesity ၏ Consultant ဒေါက်တာ ဒေါ်လှမြင့်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပြီးစီး ခဲ့သော ကျောင်းသူ များက မိမိတို့၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်းက သင်တန်းဆင်မောင်မယ်များအား မှဒိတာစကား ပြောကြားပြီးနောက် ဆရာကြီး ဆရာမကြီးများက သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ ဓါတ်ပုံရိုက်ကူးကာ

တက်ရောက်လာသော ဧည့်သည်များအား အကျွေးအမွေးဖြင့် ဧည့်ခံခြင်းဖြင့် အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်းသိရှိရပါသည်။

**Bachelor of Engineering ဘွဲ့ရကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုညစာစားပွဲ ကျင်းပပေးခြင်း**

STI Myanmar University သည် ပညာထူးချွန်သည့် ကျောင်းသားများသာမက အားကစား ၌ ထူးချွန်သော ကျောင်းသားများအား အသိအမှတ်ပြု ဂုဏ်ပြုသည့်ပွဲများ ကျင်းပလျှက်ရှိရာ ၊ Bachelor of Engineering ဘွဲ့ရကျောင်းသား ၊ ကျောင်းသူများနှင့် ကျောင်းတွင်း အားကစားပြိုင်ပွဲများဖြစ်သော ဘောလုံး ၊ စားပွဲတင် တင်းနစ် ၊ စစ်တုရင် ၊ ရေကူး ၊ အပြေးပြိုင်ပွဲ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ဘတ်စကတ်ဘောပြိုင်ပွဲများ၏ ဆုရအသင်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်သည့် ညစာ စားပွဲကို ၂၀၁၈ ခုနှစ် မေလ (၃၁) ရက်နေ့ ပြည်သူ့ဥယျာဉ်ထဲရှိ Western Park Ruby တွင် ညနေ ၆နာရီမှ ၉နာရီအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။



CDC Sports Festival 2018 champion ဆုရ table Tennis အဖွဲ့အား ဆုဖလားကို လွှဲပြောင်း ပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာလည်း ပေးအပ်ခဲ့သည်။ Private Union League ( PUL 2017) Champion ဆုရ STIMU FC အဖွဲ့အားလည်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပါသည်။ ထို့အပြင် ရွှေတံဆိပ်ဆုရ ပြိုင်ပွဲဝင်အဖွဲ့များနှင့် STI Student Council (2017-2018) သက်တမ်းတွင် အားကြိုးမာန်တက် ကူညီပေးခဲ့ကြသော Volunteers ကျောင်းသား ၊ ကျောင်းသူများကိုလည်း ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်းမှ ကျေးဇူးတင်စကားနှင့် ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ်များ ဖြင့် ဂုဏ်ပြု ညစာ စားပွဲကို အောင်မြင်စွာ ကျင်းပခဲ့ ကြောင်း သိရှိရပါသည်။





**STI Myanmar University ၏ Free Open House အခမ်းအနားကို မန္တလေးမြို့တွင်ကျင်းပခြင်း**

2017-2018 တက္ကသိုလ် ဝင်တန်း ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအားရည်ရွယ်၍ STI Myanmar University သည် 16.6.2018 နံနက် ၉နာရီမှ ၁၁ နာရီအထိ မန္တလေးမြို့ Hilton Hotel တွင် University Free Open House အခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။

ထိုအခမ်းအနားတွင် STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်းမှ STI Myanmar University တွင် တက်ရောက်နိုင်သော Faculty of Engineering, Faculty of Business, Faculty of Education and Linguistics, Faculty of Health Science မဟာဌာနကြီး များတွင် ပို့ချပေးနေသော ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများနှင့် ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြခဲ့ပါသည်။





ထိုကဲ့သို့ အမှာစကားပြောကြားရာတွင် STI Myanmar University၏ တွဲဖက်တက္ကသိုလ် များ ဖြစ်သော Mahidol University, Bangkok, Kingdom of Thailand ,The Open University of Hong Kong, (OUHK) University of Bedfordshire (UK) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များအကြောင်း မန္တလေးမြို့တွင်လက်ရှိအောင်မြင်စွာ ဖွင့်လှစ်ထားသော Campus အပြင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် campus အသစ်နေရာနှင့် အဆောက်အဦအသစ်တည်ဆောက်မှု စီမံကိန်းများအကြောင်းတို့ကို ပြောကြားခဲ့သည်။







STI Myanmar University တွင် BEng (Hons) Engineering ပထမနှစ်တက်ရောက်နေသော ကျောင်းသား မောင်အောင်ကိုဟိန်း၊ မောင်နော်ဒင်း နှင့် Business ပထမနှစ်တွင် တက်ရောက် နေသော ကျောင်းသူ မလှဲ့လဲ့ဝင်း၊ မခင်မြန်မာလမင်းရှင် တို့မှ ၎င်းတို့၏ ကျောင်း သားဘဝအတွေ့ အကြုံများ ကို ရှင်းလင်းပြောကြားခဲ့ကြသည်။ ဆက်လက်၍ STI Myanmar University ၏ Faculty of Education & Linguistics မှ Native Lecturer တစ်ဦးဖြစ်သူ Mrs. Aileen Prendergast မှ လည်း STI တွင် ဖွင့်လှစ်ထားသော အင်္ဂလိပ်ဘာသာ ဆရာဖြစ် ဒီပလိုမာသင်တန်း (TESOL) နှင့်ပတ်သက်၍လည်း ဆွေးနွေးတင်ပြခဲ့ပါသည်။





ထိုအခမ်းအနားသို့ ကျောင်းသား ၊ ကျောင်းသူများနှင့် မိဘပြည်သူများတက်ရောက်ခဲ့ပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခဲ့ ကြောင်း သိရှိရပါသည်။

**Internship Engineering ကျောင်းသား/သူများမှ မိမိတို့၏ လုပ်ငန်းခွင်အတွေ့အကြုံများကို Presentation များလုပ်၍ ရှင်းလင်းတင်ပြခြင်း**

STI Myanmar University နှင့် University of Bedfordshire (UK) တို့ပူးပေါင်းဖွင့်လှစ်သော BEng ( Hons) အင်ဂျင်နီယာဘွဲ့သင်တန်းများ Civil ၊ Architecture နှင့် Electronic major များမှ နောက်ဆုံးနှစ်

တက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူ(၆၂) ဦးသည် STI Myanmar University ၏ စီစဉ်ပေးမှုအရ အာရုံဦး ကုမ္ပဏီ ၊ ဓနစံရာ ကုမ္ပဏီ၊ မင်းဓမ္မ ကုမ္ပဏီ ၊ JI ကုမ္ပဏီ ၊ MKT ကုမ္ပဏီ၊ System Engineering ကုမ္ပဏီ ၊ MND ကုမ္ပဏီ နှင့် မြန်မာမဟာထွန်း ကုမ္ပဏီ စသည့် ဆောက်လုပ်ရေး ကုမ္ပဏီကြီးများတွင် အလုပ်သင်ဝန်ထမ်းများအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြသလို လေ့လာရေး ခရီးစဉ်အဖြစ် Isreal နိုင်ငံသို့လည်း သွားရောက်ခဲ့ပါသည်။




၂၀၁၈ခုနှစ် ဖွန်လ (၂၈) ရက်နေ့ မနက်(၁၀) နာရီမှ (၁၂) နာရီအထိ အဆိုပါ ကျောင်းသားများသည် Presentation Group များဖွဲ့၍ မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများ နှင့် သင်ယူလေ့လာခဲ့သမျှကို Power Point များ ၊ Photo များ ၊ Dataများ ၊ Report များဖြင့် စနစ်တကျ ရှင်းလင်းတင်ပြခဲ့ ကြရာတွင် ကျောင်းသားကျောင်းသူများကလည်း စိတ်ဝင်တစားနားထောင်ခဲ့ ပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးကာ အတွေ့အကြုံများ ဖလှယ်ခဲ့ကြပါသည်။




Presentation Group ပေါင်း (၁၀) ဖွဲ့ရှိပြီး ၊ တင်ဆက်ပြသသူများထဲမှ အကောင်းဆုံးနှင့် ပရိသတ်ကို ဆွဲဆောင်နိုင်ဆုံး Best Presentation Group အဖြစ် နောက်ဆုံးနှစ် Civil ကျောင်းသား မောင်အောင်သန့်၊ Architecture

ကျောင်းသားမောင်ဇင်မင်းခန့်၊ မဝေဝေရှန်၊ မဖြိုးသော်တာ တို့ပါဝင်သည့် MKT Construction Co.Ltd ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြသည့် အဖွဲ့အားလည်းကောင်း၊ Best Presenter အဖြစ် Civil နောက်ဆုံးနှစ်ကျောင်းသား မောင်မျိုးမင်းထက်အား လည်းကောင်း STI Myanmar University ၏ Executive Director ဒေါက်တာမျိုးမျိုးနိုင်မှ ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။